# Future Metro South အား Jennifer Street အလုပ်ခွင်တွင် ဆောက်လုပ်မည် မဟုတ်ပါ

ကိုးလကြာ အဆောက်အအုံဆိုင်ရာစိစစ်သုံးသပ်မှုအပြီးတွင် Metro အနေဖြင့် Clackamas ခရိုင်၊ Jennifer Street ရှိ ၂၆ ဧက ကျယ်ဝန်းသောအလုပ်ခွင်အား အမှိုက်နှင့်ပြန်လည်သန့် စင်ရေးစက်ရုံအသစ်အတွက် လိုအပ်ချက်နှင့် ကိုက်ညီမှု မရှိကြောင်း ဆုံးဖြတ်ချက် ချလိုက်ပါသည်။

Jennifer Street အလုပ်ခွင် ပြုပြင်ပြောင်းလဲရေး – ယခင် ကျောက်မိုင်းတွင်း – မှ အမှိုက်နှင့်ပြန်လည်သန့်စင်ရေးစက်ရုံကို ထိုနေရာတွင်တည်ဆောက်ရန် သင့်လျော်ကြောင်း အကြံပြုခဲ့ပါသည်။ ဤအဆောက်အအုံနေရာအား စက်ရုံတစ်ခု စတင်မတည်ဆောက်မီ မြေပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်မည်ဖြစ်ကြောင်း စိစစ်သုံးသပ်ချက်မှ ညွှန်ပြပါသည်။

"Metro ကောင်စီ နှင့် လုပ်ငန်းဆောင်ရွက်ရေးအရာရှိ Marissa Madrigal အနေဖြင့် အဆောက်အအုံနှင့်ပတ်သက်၍ ကုန်ကျစရိတ်မြင့်မားလွန်းသောကြောင့် နောက်ထပ်အကြံပြုခြင်း မပြုတော့ရန် ဆုံးဖြတ်ခဲ့ပါသည်။ ပရောဂျက်၏ ပင်မအနှစ်အသာရတစ်ခုမှာ နောင်ဆောက်လုပ်မည့် စက်ရုံများကို သင့်တင့်သောကုန်ကျစရိတ်ဖြင့် ဆောက်လုပ်ရန်လည်း ပါဝင်ပါသည်။

Metro ဝန်ထမ်းများအနေဖြင့် နောင်ဆောက်လုပ်မည့် အမှိုက်နှင့်ပြန်လည်သန့်စင်ရေးစင်တာအတွက် ရွေးချယ်နိုင်မည့်အလုပ်ခွင်နေရာများကို ဆက်လက်ရှာဖွေသွားပါမည်။  ဤစုံစမ်းမေးမြန်းမှုအတွင်း Metro အနေဖြင့် Clackamas ခရိုင်ရှိ ဒေသခံလူထုများထံမှ စက်ရုံအသစ်တွင် သူတို့လိုအပ်သော အမှိုက်နှင့်ပြန်လည်သန့်စင်ရေး ဝန်ဆောင်မှုအကြောင်း များစွာကို ကြားသိခဲ့ရပါသည်။ စုဆောင်းရရှိသော အချက်အလက်များကို ဤအလုပ်အား ရှေ့ဆက်အကောင်အထည်ဖော်ရေးအတွက် ဆက်လက်အသုံးပြုသွားပါမည်။

ပရောဂျက်ဝန်ထမ်းများမှလည်း လူထုအချို့ထံမှ အလုပ်ခွင်သည် အရေးကြီး ရေအရင်းအမြစ်ဖြစ်သော Clackamas မြစ်အနီးတွင် တည်ရှိမှုအတွက် စိုးရိမ်ကြောင်း ကြားသိခဲ့ရသည်။ Metro အနေဖြင့် နောင်ဆောက်လုပ်မည့် စက်ရုံများကို သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးအတွက် ဘေးအန္တရာယ်နည်းပါးပြီး သင့်တင့်သောအခြေအနေတွင် ထားရှိရန် လိုလားပါသည်။

Future Metro South ကို စတင်ချိန်တွင် Metro သည် ခံနိုင်ရည်ရှိသော၊ ရေရှည်တည်တံ့ပြီး အများပြည်သူလက်လှမ်းမီသော စက်ရုံတစ်ခု တည်ဆောက်သွားရန် သန္နိဋ္ဌာန် ပြုထားပါသည်။ ထိုသန္နိဋ္ဌာန်မှာ ပြည်သူ့ဘဏ္ဍာငွေကို တာဝန်ယူစီမံရေးအတွက် Metro ၏ ကတိကဝတ်အပေါ် လိုက်နာမှုရှိရေးဖြစ်ပါသည်။

Metro မှ Metro South ပို့ဆောင်ရေးရုံ တွင် ဝန်ဆောင်မှုကို တိုးချဲ့ရန်နှင့် အလှမ်းမီနိုင်ရေး တိုးမြှင့်ရန် ရည်ရွယ်ထားပါသည်။ အနှစ် ၄၀ နီးပါး သက်တမ်းရှိပြီဖြစ်သော "Oregon မြို့" ရှိ စက်ရုံမှာ တိုးတက်လာသော ဒေသတွင်း လူဦးရေကြောင့် အမှိုက်နှင့် ပြန်လည်သန့်စင်ရေးအတွက် ပြည့်မီအောင် မစွမ်းဆောင်နိုင်တော့ပါ။ Metro အနေဖြင့် လက်ရှိအခြေအနေအား Metro South ရှိ ဝန်ထမ်းများနှင့် ဖောက်သည်များအတွက် စစ်ဆေးအကဲဖြတ်ကာ တိုးတက်မှုရှိရေး လုပ်ဆောင်သွားမည်ဖြစ်သလို တစ်ချိန်တည်းမှာပင် စက်ရုံနေရာ အသစ်အတွက် အခြားတည်နေရာကိုလည်း ဆက်လက်ရှာဖွေသွားပါမည်။